# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 24, 2024 Volume 79, Number 15

၂၄.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၂၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၆ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၇.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၂၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## စက်မှုလုပ်ငန်းသုံးများအတွက် စားအုံးဆီတန်ချိန် လေးသောင်းကျော်ရှိနေပြီး ကြည့်မြင်တိုင်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ တန်ချိန် ငါးထောင်ကျော် ထပ်မံရောက်ရှိ




စက်မှုလုပ်ငန်းသုံးများအတွက် စားသုံးဆီတန်ချိန် လေးသောင်းကျော်ရှိနေပြီး ကြည့်မြင်တိုင်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ တန်ချိန်ငါးထောင်ကျော် ထပ်မံရောက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်က ပြောကြားသည်။

ဇွန် ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ "စက်မှုလုပ်ငန်းသုံးအတွက်ကတော့ ဇွန် ၂၀ ရက်နေ့က တန်ချိန် ငါးထောင့်သုံးရာ ရောက်ရှိခဲ့ပါတယ်။ ဇွန် ၂၁ ရက်နေ့မှာတော့ ပြည်နယ်နှင့်တိုင်းအသီးသီးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ထောက်ခံချက်နဲ့ လျှောက်ထားလာတဲ့စက်မှုလုပ်ငန်းတွေကို ဖြန့်ဖြူးရောင်းချနေပါတယ်"ဟု ရန်ကုန်တိုင်း ဦးစီးမှူး ဦးကျော်ကျော်လွင်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းရှိ Star Cooking Oil ကုမ္ပဏီ၏ ဆီလှောင်ကန်သို့ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် စားအုန်းဆီများရောက်ရှိလာခဲ့ပြီး Bauhinia သင်္ဘောဖြင့် သယ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

Star Cooking Oil ကုမ္ပဏီအနေဖြင့် စက်မှုလုပ်ငန်းသုံး စားအုန်းဆီများကို အဓိကတင်သွင်းနေခြင်းဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံမှ အဓိကတင်သွင်းခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ Head of External Relation ဖြစ်သူ ဦးအောင်သူက ပြောကြားသည်။ "ကျွန်တော်တို့ရဲ့ဆိပ်ကမ်းမှာ မက်ထရစ်တန် သုံးထောင်ဆံ့တဲ့ ဆီသိုလှောင်ကန်လေးကန်ရှိပါတယ်။ ကန်ထဲကို သင်္ဘောကနေ တိုက်ရိုက်မောင်းထည့်ပါတယ်။ သက်ဆိုင်ရာကစစ်ဆေးပြီးတာနဲ့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနကနေ ရောင်းချရမဲ့စက်မှုလုပ်ငန်းတွေ၊ စားသောက်ကုန်လုပ်ငန်းတွေ ကျန်တဲ့သက်ဆိုင်ရာ လုပ်ငန်း တွေပေါ့။ အဲဒါတွေကို စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားမှုနဲ့ရောင်းချပေးပါတယ်" ဟု အဆိုပါ ကုမ္ပဏီမှ ဦးအောင်သူက ပြောကြားသည်။

စက်မှုလုပ်ငန်းသုံးဆီများကို လစဉ်တန်ချိန် တစ်သောင်းကျော်တင်သွင်းပြီး ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ဖြန့်ဖြူး ပေးလျက်ရှိကြောင်း၊ ဖြန့်ဖြူးရာတွင် စက်မှုလုပ်ငန်းသုံးဆီများအတွက် ရောင်းချရာတွင် အုပ်စုလေးစုခွဲခြားကာ ရောင်းချပေးနေ သည်ဟု စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်က ပြောကြားသည်။ "စက်မှုထုတ်ကုန် တွေအတွက်၊ နောက်တစ်ခုက စားသောက်ကုန်ထုတ်လုပ်တဲ့လုပ်ငန်း၊ နောက်တစ်ခုက စားသောက်ဆိုင်လုပ်ငန်း၊ နောက်တစ်ခု က ဟိုတယ်ကြီးတွေစတဲ့လုပ်ငန်းစုတွေအတွက် ဖြန့်ခွဲရောင်းချပေးနေတယ်"ဟု ဦးကျော်ကျော်လွင်က ပြောကြားသည်။

ဖွေ ၂၀ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် စားအုန်းဆီတင်သင်္ဘောမှာ ဖွေ ၂၅ ရက်တွင် တန်ချိန် ငါးထောင်ကျော် တင်ဆောင်ကာ ရောက်ရှိလာမည်ဖြစ်သည်ဟု ဦးကျော်ကျော်လွင်က ဆက်လက်ပြောကြားသည်။ စားအုန်းဆီကို အများပြည်သူသုံး စားအုန်းဆီနှင့်စက်မှုလုပ်ငန်းသုံးစားအုန်းဆီဟု နှစ်မျိုးခွဲခြားကာ တင်သွင်းလျက်ရှိသည်။

အများပြည်သူသုံး စားအုန်းဆီကို တစ်လလျှင် တန်ချိန် လေးသောင်းကျော်တင်သွင်းရလျက်ရှိပြီး စက်မှုလုပ်ငန်းသုံး စားအုန်းဆီများကို တစ်လလျှင် တန်ချိန်တစ်သောင်းကျော် တင်သွင်းရလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ တင်သွင်းသည့်နိုင်ငံများမှာ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံများမှဖြစ်ပြီး အများစုကို အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သက်သာသော ဈေးနှုန်းဖြင့် ဆန်များရောင်းချပေးမည်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များ၊ ဆန်စပါးကုမ္ပဏီများပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် ဆန်များ ရောင်းချပေးမည် ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ထိုသို့ရောင်းချရာတွင် ပေါ်ဆန်းတစ်ပြည်လျှင် ငွေကျပ် ၅၀၀၀ ၊ ဧည့်မထ တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ ၊ ပေါ်ဆန်း ၁၀ ကီလို ငါးပြည်တစ်အိတ်လျှင် ငွေကျပ် ၂၅,၀၀၀ သတ်မှတ်ထားပြီး ၂၄ ပြည်ဝင်အိတ် ဝယ်ယူလိုသူများအနေဖြင့် ဆန်စပါး ကုန်စည်ဒိုင် (ဝါးတန်း) နှင့်ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) တို့တွင် လာရောက်ဝယ်ယူနိုင်ကြောင်းသိရသည်။

ယင်းအပြင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)၊ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စားသုံးသူများအတွက် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၁၃၅,၀၀၀-၁၄၅,၀၀၀ ၊ ရေဝတီပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၁၁၀,၀၀၀-၁၂၀,၀၀၀ နှင့် ဧည့်မထ (၁၅ ရာခိုင်နှုန်း) တစ်အိတ်လျှင် ငွေကျပ် ၇၂,၀၀၀-၇၅,၀၀၀ စသည်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းသိရသည်။

ယခုကဲ့သို့ သက်သာသောဈေးနှုန်းဖြင့်ရောင်းချမှုသည် စားသုံးသူပြည်သူများအတွက် ရောင်းချပေးခြင်းသာဖြစ်ပြီး ပြန်လည်ရောင်းချသူများကို ရောင်းချခြင်းမဟုတ်ကြောင်း၊ ဝယ်ယူသူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် တစ်လစာအတွက် ပေါ်ဆန်းတစ်အိတ်နှင့်ဧည့်မထတစ်အိတ်ကို အိမ်ထောင်စုစာရင်းမိတ္တူနှင့် အိမ်ထောင်စုစာရင်းတွင် ပါဝင်သူတစ်ဦး၏ မှတ်ပုံတင် မူရင်းတို့ဖြင့် လာရောက်ဝယ်ယူနိုင်သည်။

ဆန်ရောင်းချမှုကို ဖွန်လ ၂၄ ရက်မှ စ၍ရုံးဖွင့်ရက်များတွင် နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ဆိပ်ကမ်းနယ်မြေ လမ်းမတော်မြို့နယ်နှင့် ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်) အမှတ် (၄/၁) ယုဇနလမ်း၊ ဘုရင့်နောင် (၁) ရပ်ကွက် မရမ်းကုန်းမြို့နယ်တို့၌ ရောင်းချပေးမည်ဖြစ်ကြောင်းသိရသည်။

Source: မြဝတီသတင်းစာ

## လက်ရှိဘဏ္ဍာနှစ် ဇွန် ၁၄ ရက်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၁၀၉ သန်းကျော်ဖြစ်ပေါ်

လက်ရှိဘဏ္ဍာနှစ် ဇွန် ၁၄ ရက်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၁၀၉ ဒသမ ၆၃၃ သန်းဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၁၄ ရက်အထိ ပို့ကုန်ဒေါ်လာ ၂၉၁၉ ဒသမ ၅၃၉ သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၂၈၀၉ ဒသမ ၉၀၆ သန်းရှိခဲ့ကာ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၅၇၂၉ ဒသမ ၄၄၅ သန်း ရရှိခဲ့သည်။ ယင်းအနက် ပို့ကုန်တင်ပို့မှုမှာ သွင်းကုန်တင်သွင်းမှုထက် ဒေါ်လာ ၁၀၉ ဒသမ ၆၃၃ သန်းအထိ ပိုများကာ ကုန်သွယ်မှုပိုငွေ ဒေါ်လာ၁၀၉ သန်းကျော် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှ မတ် ၃၁ ရက်အထိ မြန်မာနိုင်ငံ၏ စုစုပေါင်း ကုန်သွယ်မှုပမာဏဒေါ်လာ ၃၃ ဒသမ ၉၂၅ ဘီလျံရှိပြီး ယခင်နှစ်ကာလတူက ဒေါ်လာ ၃၀ ဒသမ ၃၅၁ ဘီလျံရှိသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ယခင်နှစ်ကာလတူထက် ပြည်ပကုန်သွယ်မှုဒေါ်လာ ၃ ဒသမ ၅၇၃ ဘီလျံအထိ ပိုမို ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါကာလအတွင်း ပြည်ပနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်ဒေါ်လာ ၁၆ ဒသမ ၅၇၅ ဘီလျံရှိပြီး ယခင်နှစ်ကာလတူထက် ၁ ဒသမ ၀၈၄ ဘီလျံ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ ပြည်ပနိုင်ငံများမှ တင်သွင်းသည့်သွင်းကုန်ပမာဏ ဒေါ်လာ ၁၇ ဒသမ ၃၄၉ ဘီလျံရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂ ဒသမ ၄၈၉ ဘီလျံ ပိုမိုတင်သွင်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော၊ အခြားကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ ပြည်ပနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်း စသည်တို့ကို အဓိကတင်သွင်းနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်နေပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ စသည်တို့ပါဝင်ကြောင်းသိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် ပို့ကုန် ဒေါ်လာ ၁၄၉၂၇ ဒသမ ၀၆၅ သန်း (၁၄ ဒသမ ၉၂၇ ဘီလျံ)၊ သွင်းကုန်ဒေါ်လာ ၁၄၆၅၈ ဒသမ ၀၈၄ သန်း(၁၄ ဒသမ ၆၅၈ ဘီလျံ)ဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၉၅၈၅ ဒသမ ၁၄၉ သန်း (၂၉ ဒသမ ၅၈၅ ဘီလျံ) ရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလအထိ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၇,၆၈၁ ဒသမ ၀၈၇ သန်း၊ သွင်းကုန် တန်ဖိုး ဒေါ်လာ ၁၉,၀၅၀ ဒသမ ၈၅၅ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၆,၇၃၁ ဒသမ ၉၄၂ သန်း ရရှိခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၇,၀၆၀ ဒသမ ၄၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈,၀၈၆ ဒသမ ၅၉၇ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၅,၁၄၇ ဒသမ ၀၁၂ သန်း ရရှိခဲ့သည်။

၂၀၁၈ ခုနှစ်(Mini budget)ကာလအတွင်း ပို့ကုန်ဒေါ်လာ ၈၈၆၁ ဒသမ ၀၃၂ သန်း၊ သွင်းကုန်ဒေါ်လာ ၉၈၆၆ ဒသမ ၅၀၂ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၈,၇၂၇ ဒသမ ၅၃၄ သန်း ရရှိခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန် ဒေါ်လာ ၁၄,၈၈၃ ဒသမ ၁၆၀ သန်း၊ သွင်းကုန် ဒေါ်လာ ၁၈,၆၄၉ ဒသမ ၈၉၂ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၃၃,၅၃၈ ဒသမ ၀၅၂ သန်းရရှိခဲ့သည်။

**Source:** https://news-eleven.com/

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍သိရသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုကောင်းလျက်ရှိကြောင်း သိရသည်။

“ဘိုကလေးမြို့နယ်ကနေ ဆန်ကွဲတွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဘိုကလေးမြို့နယ်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို မေလပထမပတ်ကနေ စတင်ပြီး ဝယ်လိုအားက သိသိသာသာတက်ခဲ့တာဖြစ်တယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်” ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင်ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၄၆,၅၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအားတက်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပင်လယ်စာကင်းမွန်ငါး ပိဿာချိန် ၈၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပင်လယ်စာကင်းမွန်ငါးပိဿာချိန် ၈၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုမာကပြောပြသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ပင်လယ်စာကင်းမွန်ငါး ပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ တစ်လအတွင်း ပင်လယ်စာကင်းမွန်ငါးပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်ငါး တစ်ပိဿာလျှင် ငွေကျပ် ၂၁,၀၀၀ မှ ၃၂,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

“လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်း ပင်လယ်စာကင်းမွန်ငါး ပိဿာချိန် ၈၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အရင်ကထက်လဲ ပိုပြီးအရောင်းအဝယ်သွက်လာပါတယ်။ ကုန်များများတင်ပို့ရောင်းချနိုင်ခဲ့တာကြောင့် ရေလုပ်ငန်းနဲ့ဆက်စပ်တဲ့လုပ်ငန်းရှင်တွေ အဆင်ပြေတာတွေ့ရပါတယ်။ လက်ရှိကင်းမွန်ငါးဈေးကတော့ ပုံမှန်အနေအထားမှာရှိပါတယ်” ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုမာကပြောပြသည်။

အဆိုပါ ပင်လယ်မှဖမ်းဆီးရရှိသည့်ကင်းမွန်ငါးများကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကင်းမွန်ငါးများကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကင်းမွန်ငါးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် လုပ်ငန်းများအဆင်ပြေစွာလုပ်ကိုင်လျက်ရှိကြောင်း ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုမာထံမှသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငရုတ်သီးခြောက် ပိဿာချိန် ၈၉,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက ငရုတ်သီးခြောက် ပိဿာချိန် ၈၉,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ်မှ စားသောက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလက ငရုတ်သီးခြောက် ပိဿာချိန် ၅၉,၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ တစ်လတာကာလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၈၉,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၇၇,၀၀၀ ဈေးရရှိခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မေလအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးခြောက်ပိဿာချိန် ၈၉,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကထွက်တဲ့ ငရုတ်သီးတွေက အရည်အသွေးကောင်းပြီး တစ်ဆင့်ပြန်လည် ရောင်းချရာမှာ အဆင်ပြေတာကြောင့် ကုန်ပစ္စည်းမှာယူမှုလဲများပါတယ်။ လက်ရှိ ငရုတ်သီးခြောက်က ၁၀ ပိဿာကို ငွေကျပ် ၇၇ ၀၀၀ ထိ ဈေးရရှိနေပါတယ်" ဟု ဒေါ်ကြည်ဌေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိလာသော ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ ထို့ကြောင့် ငရုတ်သီးခြောက်များ တင်ပို့ရောင်းချအားတက်လာခြင်းကြောင့် တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မျက်နှာပန်းလှနေသည့် ဖျာပုံမြို့နယ် ရေထွက်ကုန်ထဲ ပင်လယ်စာခုံးပါဝင်၊ တစ်လလျှင် ပိဿာချိန် ၈၄၀၀၀ ရောင်းရ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ပင်လယ်စာခုံး ပိဿာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၏ ပြောပြချက်အရ သိရသည်။

ဖျာပုံမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ပင်လယ်စာခုံးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဧပြီလအတွင်း ပင်လယ်စာခုံး ပိဿာချိန် ၅၆,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်မှ ၃၁ ရက်ထိ ပင်လယ်စာခုံးများ ပိဿာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့မေလထဲမှာ ပင်လယ်စာခုံးတွေ အဝယ်လိုက်ခဲ့တယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ အရင်လတွေကထက် ကုန်ချိန်တွေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ပင်လယ်စာခုံးကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာဖြစ်ပါတယ်။ ဒေသထွက် ပင်လယ်စာခုံးတွေကို ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုအရောင်းသွက်လာတော့

ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်”ဟု ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပင်လယ်စာခုံး ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅,၀၀၀ ရရှိကြောင်း သိရသည်။

ဖျာပုံမြို့နယ်အတွင်းရှိ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ပင်လယ်စာခုံးအပါအဝင် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုးနှင့် ကဏန်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## ဖရဲစိုက်တောင်သူများ ယခုနှစ်ရာသီတွင် အရှုံးပေါ်ခဲ့ဟုဆို

ယခု ၂၀၂၃ -၂၀၂၄ ဖရဲရာသီတွင် ဖရဲစိုက်တောင်သူများ အရှုံးပေါ်ခဲ့ရကြောင်း သစ်သီးကုန်သည်များ၏ ပြောပြချက်အရ သိရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ထားရသည့်အတွက် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မိုင်းလားဂိတ်မှ တင်ပို့နေရခြင်းဖြစ်ကာ စိန်ခေါ်မှုအခက်အခဲများစွာဖြင့်ရင်ဆိုင်ရကြောင်း တောင်သူများနှင့် ကုန်သည်များကဆိုသည်။

ထို့ပြင် လာမည့်ရာသီအတွက် ဖရဲနှင့်သခွားမွေးများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရန်လမ်းကြောင်းများ အလွန်နည်းပါးသွား ခြင်းသည် ၎င်းတို့အတွက် စိန်ခေါ်မှုကြီးဖြစ်ကြောင်းလည်းဆိုသည်။ “ပြောရရင် လမ်းကြောင်းတစ်ခုသည် မော်တော်ယာဉ်အား နှင့် မမျှတတဲ့အခါ အရင်ဆုံးနစ်နာရမှာက ကုန်စိမ်းကားတွေပဲ။ ဖရဲသီးတွေဆိုရင် ဈေးကွက်အထိ အရည်အသွေးရှိစွာ ပို့ဆောင်ဖို့ သိပ်တော့မလွယ်တော့ဘူး။ လမ်းကြောင်းတွေအားလုံးက သိပ်မကောင်းတော့ အကုန်လုံးဒီလမ်းကြောင်းပေါ်ပဲ ရောက်လာကြ တော့မှာ”ဟု သစ်သီးကုန်သည်တစ်ဦးကပြောသည်။

တရုတ်ဘက်သို့ မန္တလေး-မူဆယ်လမ်းကြောင်းမှ ဖရဲတင်ပို့ရာတွင် ကားခ ၂၅ သိန်းသာ ကုန်ကျသော်လည်း လွယ်ဂျယ်နှင့် မိုင်းလားလမ်းကြောင်းမှ တင်ပို့ရာတွင် ကားခ ၇၅ သိန်း ကုန်ကျပြီး အခြားအခွန်အခနှင့်ပေါင်းပါက ကျပ်သိန်း ၁၅၀ ဝန်းကျင် ကုန်ကျကြောင်းသိရသည်။

**Source: Popular News Journal**

## ထိုင်းနိုင်ငံတွင် ကုန်သွယ်မှုမြှင့်တင်ရန်အတွက် SMEs ပြပွဲ ကျင်းပပြုလုပ်

အမျိုးနှင့်သက်ဆိုင်သောကဏ္ဍများနှင့် ပုဂ္ဂလိကကဏ္ဍများသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ဈေးကွက် အခွင့်အလမ်းများရရှိစေရန် ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများပါဝင်သော Thailand SMEs Synergy Expo 2024 ကုန်စည်ပြပွဲ ကို ကျင်းပပြုလုပ်ခဲ့သည်။ ဇွန်လ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့ထိ Queen Sirikit အမျိုးသားညီလာခံစင်တာတွင် ၅ ရက်တာ ကျင်းပခဲ့ပြီး ပွဲတော်ကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဌာန (DBD)၊ အသေးစား၊ အလတ်စားလုပ်ငန်းများ မြှင့်တင်ရေးရုံး (OSMEP)၊ ထိုင်းနိုင်ငံအစိုးရနှင့် ပုဂ္ဂလိက မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ထိုင်းနိုင်ငံစီးပွားရေး ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဖြစ်သူ Napintorn Srisunpang က ပွဲတော်သည် SMEs များ နိုင်ငံတကာအဆင့်ထိ တိုးချဲ့ထိုးဖောက်နိုင်ရန်အတွက် လှုံ့ဆော်မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်ကြောင်းနှင့် ၂၀၂၇ ခုနှစ်တွင် SMEs များသည် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)တွင် ပါဝင်သည့်ပမာဏကို လက်ရှိ ၃၅ ရာခိုင်နှုန်း မှ ၄၀ ရာခိုင်နှုန်းအထိ မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ Mr.Napintorn က DBD ကို SMEs များကို စီးပွားရေးစီမံချက်ရေးဆွဲခြင်း၊ ရန်ပုံငွေအရင်းအမြစ်များရှာဖွေခြင်းနှင့် ရောင်းချမည့်နေရာများ ဆုံးဖြတ်ချက်ချခြင်းတို့တွင် ကူညီရင်း OSMEP နှင့် ပူးပေါင်းဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။

ထို့ပြင် Mr.Napintorn က ပွဲတော်တွင်ပါဝင်သည့် SMEs များသည် ၎င်းတို့၏ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများကို စီးပွားရေးလုပ်ငန်းအချင်းချင်း၊ စီးပွားရေးလုပ်ငန်းမှဝယ်ယူသူနှင့် အခြားကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်ခွင့်စသည့် စီးပွားရေး

အခွင့်အလမ်းသစ်များကို ရှာဖွေနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပွဲတော်တွင် အစားအသောက်နှင့် အဖျော်ယမကာ၊ ပညာရေး၊ ဝန်ဆောင်မှု၊ အလှပြုပြင်ရေး၊ အလှကုန်များနှင့် လက်လီကဏ္ဍတို့ပါဝင်သည့် လုပ်ငန်း ၆၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ SMEs များအတွက် ဘဏ်နှင့်အာမခံကုမ္ပဏီ ၁၈ ခုတို့မှ အထူးအတိုးနှုန်းထားနှင့် ဘတ် ၄၅ ဘီလီယံ ချေးငွေးရန် ကမ်းလှမ်းထားကြောင်းနှင့် အဆိုပါ ပွဲတော်မှ ဘတ်သန်း ၁၄၀ ရရှိရန် မျှော်လင့်ထားကြောင်း Mr.Napintorn က ပြောကြားခဲ့သည်။

**Source: Bangkok Post**

**https://www.doca.gov.mm**

## ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ ကင်းပုစွန်တုပ်အရှင် ၃ တန်ကျော်တင်ပို့ခဲ့



ကမ္ဘောဒီးယား စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန အဆိုအရ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် စမ်းသပ်သည့်အနေဖြင့်စခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ ကင်းပုစွန်တုပ်(Mantis Prawn) အရှင်တင်ပို့မှုသည် ယခုအခါ ၃ တန် ကျော်သွားပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့တင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် ၁,၀၉၅ ကီလိုဂရမ်သာ ရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ် ပထမ ၂ လအတွင်း အလေးချိန် ၂၁၀၀ ကီလိုဂရမ်ထိ တင်ပို့ခဲ့ကြောင်း သိရသည်။

ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ရာသီဥတုပူပြင်းမှုကြောင့် ကင်းပုစွန်တုပ်တင်ပို့မှုမှာ နည်းပါးသော်လည်း အေးသောရာသီတွင် တိုးမြင့်တင်ပို့မည်ဖြစ်ကြောင်း၊ ပုစွန်တုပ်အရှင် ဝယ်လိုအားမြင့်မားသည့် တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရန် ဝန်ကြီးဌာနနှင့်ကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

**Source: https://www.khmertimeskh.com**

**ကုန်သွယ်ရေးဦးစီးဌာန၊ WTO ဌာနခွဲ**

https://commerce.gov.mm

## STOCK EXCHANGE (24.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,746 (Shares) | 43,436,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -100 | -1.10% | 9,000 | 9,000 | 9,000 | 1,108 | 9,972,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,250 | -50 | -1.52% | 3,300 | 3,400 | 3,250 | 5,653 | 19,108,800 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 15 | 126,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,700 | 1,571 | 2,680,800 | 29,664,613 | 51,913 |
| TMH | 00005 | 3,000 | +100 | +3.45% | 2,900 | 3,000 | 2,900 | 113 | 328,700 | 12,823,224 | 38,470 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,900 | 2,294 | 4,412,300 | 19,977,223 | 38,956 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 100 | 500,000 | 10,497,598 | 52,488 |
| MAEX | 00008 | 3,300 | -50 | -1.49% | 3,350 | 3,350 | 3,300 | 1,892 | 6,307,750 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 24th Jun. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.43 | -1.40 | -0.34% | 412.17 | 414.28 | 409.43 | 12,746 | 43,436,350 | 8 | 772,258 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 12,746 (Shares) | 43,436,350 (MMK) |

## Main Board

As of 1:00 pm, 24th Jun. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,746 (Shares) | 43,436,350 (MMK) |

| MYANPIX | 409.43 ▼ 1.40 |
|---|---|
| Total Volume (shares) | 12,746 |
| Total Value (MMK) | 43 mil |
| Listed Company | 8 |
| Market Cap. (MMK) | 772,258 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 100 |
| MTSH | 00002 | 3,250 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 1,750 | ▲ 50 |
| TMH | 00005 | 3,000 | ▲ 100 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 3,300 | ▼ 50 |